www.sdtimedaily.com
www.facebook.com/standardtimedaily



၂၀၂၄ ခုနှစ်မှာ အတူ "ကောင်း"ကြမယ်

# အသီးတစ်လုံးထဲက "ခုနစ်ရောင်ခြည်အသွင်သဏ္ဍာန်"

ယခုရက်ပိုင်းတွင် ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသတွင်း နိုင်ငံတကာ ပြန်ကြားရေးစင်တာမှ မြန်မာနိုင်ငံသား နိုင်ငံရပ်ခြားပြန်ကြားရေးပညာရှင် ဒေါက်တာထိုက်လွင်ကိုသည် ဖူအယ်မြို့ မုန့်လျန် တိုင်၊ လားဟူနှင့် ဝ တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်မှ အွန်လိုင်းဆယ်လီ အဖျော်ဆိုင်ဖြစ်သည့် "ထောပတ်သီးကော်ဖီလက်ဖက်ရည်"သို့ လာရောက်ခဲ့ကာ ပုံစံမျိုးစုံလင်လှသော ထောပတ်သီး အဖျော်များသည် သောက်သုံးချင်ဖွယ် ကောင်းလှသည်ကို တွေ့ရှိခဲ့ပါသည်။




## ပုံစံမျိုးစုံလှသော ထောပတ်သီး စားသုံးပုံများ

"ထောပတ်သီးကော်ဖီ"တစ်ခွက်ကို ကော်ဖီ၊ နွားနို့ ထောပတ်သီး အနှစ် စသည်ဖြင့် အဆင့်သုံးဆင့် ခွဲခြားထားပါသည်။ နှံ့စပ်စွာ မွှေ၍ အားရပါးရသောက်လိုက်ချိန်တွင် သန့်စင်ချိုမြိန်ခြင်း၊ ချောမွေ့ခြင်း၊ အဝင်ကောင်းခြင်းများကို တစ်မုဟုတ်ချင်း ခံစားရမည် ဖြစ်ပါသည်။

"ထောပတ်သီးက မြန်မာနိုင်ငံမှာ တွေ့မြင်နေကျ အစားအသောက် ကုန်ကြမ်းတစ်မျိုး ဖြစ်ပါတယ်။ အသီးဖျော်ရည်လုပ်တာ၊ မုန့်အချိုလုပ်တာ တွေမှာ သုံးပါတယ်။ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ မုန့်လျန်ခရိုင်မှာ ထောပတ်သီးရဲ့ စားသုံးပုံတွေက ဒီလောက်များမယ်လို့ ထင်မထားမိဘူး။ ထောပတ်သီးကို အတုံးလိုက်လှီးပြီး ဝါဆာဘီ ဒါမှမဟုတ် ပျားရည်နဲ့ တို့စားတဲ့အခါ ပျော့ပျောင်းစိုစွတ်ပြီး အရသာက ဘဲငန်းအသည်းနဲ့ သွားဆင်ပါတယ်။ ပြီးတော့ ထောပတ်သီးဖျော်ရည်၊ ထောပတ်သီးဘီစကွတ်၊ ထောပတ်သီးပီဇာ အမျိုးစုံ ရှိသေးတယ်။" ပုံစံမျိုးစုံလှသော ထောပတ်သီး စားသုံးပုံများက ဒေါက်တာထိုက်လွင်ကို အတွက်တော့ ခံစားမှုအသစ်များ ပေးစွမ်းနေပါသည်။ မုန့်လျန်ခရိုင် လယ်ယာထွက်ကုန် ပစ္စည်း ထုတ်ကုန်ကွင်းဆက် ကုမ္ပဏီ လီမိတက် အထွေထွေမန်နေဂျာ ဝမ်ယန့်က မုန့်လျန်ထောပတ်သီးက "အသီးစားခြင်း"ဆိုတဲ့ ရိုးရှင်းတဲ့ စားသုံးပုံတင် မကတော့ဘူးဟု ဆိုခဲ့ပါသည်။ မုန့်လျန်လတ်ဆတ်အသီးအရွက် အအေးခန်း သယ်ယူပို့ဆောင်ရေးစင်တာသည် ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် တည်ဆောက်ပြီးစီးလည်ပတ်ခဲ့ပြီး ထောပတ်သီးအမှုန့်၊ အသီးဖျော်ရည်များကိုလည်း မကြာမီတွင်စမ်းသပ်ထုတ်လုပ်မှုများ စတင်ဆောင်ရွက်တော့မည် ဖြစ်ပါသည်။

သေးငယ်သော ထောပတ်သီးတစ်လုံးက အဘယ့်ကြောင့် ဤမျှများပြားသော အသွင်သဏ္ဍာန်များရှိလာရသနည်း။ ဒေါက်တာထိုက်လွင်ကိုသည် မုန့်လျန်ခရိုင် မန်ရှင့်မြို့နယ် မန်ရှင့်ရွာ ထောပတ်သီးစိုက်ပျိုးရေး အခြေစိုက်စခန်းတွင် အဖြေကို ရှာတွေ့ခဲ့ပါသည်။

## "အစိမ်းသီး"က ကြွယ်ဝချမ်းသာလာစေတဲ့ "ရွှေသီး"ဖြစ်လာခဲ့

အဆိုပါ အခြေစိုက်စခန်း၏ အသီးပင်များပေါ်တွင် အဝါဖျော့ရောင်ပန်းစုလေးများသည် မထင်ရှားပေ။ ဖူအယ် လွေ့ရင်း(LvYin)ဇီဝပညာကုမ္ပဏီလီမိတက် ဒုတိယ အထွေထွေမန်နေဂျာ ကျောက်ရှစ်မင်က ဤသည်မှာ ထောပတ်သီးပွင့်ဖြစ်သည်ဟု ဒေါက်တာထိုက်လွင်ကိုအား ပြောပြပါသည်။

ပန်းကြွေ၊ အသီးသီးချိန်တွင် ထောပတ်သီးပင်တစ်ပင်သည် တစ်နှစ်လျှင် အသီးပေါင်း ၁၃၀၀ ကျော် ရရှိနိုင်ပါသည်။ တရုတ်စားသုံးသူများအတွက် အဝေးမှရက်ပေါင်း ၃၀ ကျော်ကြာ တင်ပို့လာသည့် နိုင်ငံခြားဖြစ် အသီးထက် မုန့်လျန်ထောပတ်သီးသည် အပင်ပေါ်တွင် သဘာဝအတိုင်း မှည့်လာသည့်အတွက် Dry Material ပိုမိုကြွယ်ဝပြီး အရသာလည်း ပို၍ပြည့်ဝပါသည်။

၂၀၀၇ ခုနှစ်တွင် လွေ့ရင်းကုမ္ပဏီ အထွေထွေမန်နေဂျာ ချီကျားကျူသည် မုန့်လျန်၌ ပထမဆုံးသော ထောပတ်သီးပင်ကိုစိုက်ပျိုးခဲ့ပါသည်။ မုန့်လျန်၏ ရာသီဥတုနှင့် မြေဆီလွှာအနေအထားသည် ထောပတ်သီးစိုက်ပျိုးကြီးထွားရန် လွန်စွာသင့်တော်သော်လည်း ၎င်းကို ဤနေရာတွင် အမှန်စင်စစ် "အမြစ်တွယ်"နိုင်စေရန်အတွက် လွေ့ရင်းကုမ္ပဏီသည် မျိုးပွားခြင်း၊ ပျိုးထောင်ခြင်း၊ နည်းပညာပြန့်ပွားခြင်း စသည့်ကဏ္ဍများတွင် ၁၀ နှစ်ကျော်ကြာ ကြိုးစားလုပ်ဆောင်ခဲ့ရပါသည်။

ကျောက်ရှစ်မင်က "ဒေသခံပြည်သူတွေက ထောပတ်သီးကို မသိကြ၊ ထောပတ်သီးက ကြွယ်ဝချမ်းသာလာစေနိုင်တယ်ဆိုတာ မယုံကြည်ကြတာကနေ အခုတော့ ဝင်ငွေတွေ သုံး၊ လေးဆတိုးလာတဲ့အထိပေါ့။ လူအတော်များများက ကျွမ်းကျင်နည်းပညာရှင်တွေ ဖြစ်နေပါပြီ"ဟု ပြောပြပါသည်။

ယခုအခါတွင် ပိုမိုများပြားသော လူများသည် ထောပတ်သီးစိုက်ပျိုးခြင်း၊ အချောကိုင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း လုပ်ဆောင်ခြင်း စသည့်ကဏ္ဍများတွင် ပါဝင်လာကြပြီး မုန့်လျန်သည် တရုတ်နိုင်ငံ၏ ပမာဏအကြီးမားဆုံးသော ထောပတ်သီးစိုက်ပျိုးရေး အခြေစိုက်စခန်း ဖြစ်လာခဲ့ကာ တရုတ်နိုင်ငံ၏ တစ်ခုတည်းသော ပမာဏကြီးမားစွာဖြင့် ဈေးကွက်သို့ ပြည်တွင်းဖြစ် ထောပတ်သီးများ တင်ပို့ပေးနိုင်သော ဒေသလည်း ဖြစ်ပါသည်။ မုန့်လျန်ထောပတ်သီး၏ ရောင်းအားမပြတ် တိုးတက်လာသည်နှင့်အမျှ စားသုံးသူအများအပြား၏ ကြိုက်နှစ်သက်မှုကိုလည်း ရရှိလာပါသည်။ မုန့်လျန်နယ်သူ နယ်သားများ၏ ကြိုးစားအားထုတ်မှုသည် "ထောပတ်သီးယုံကြည်ချက်"အတွက် စဉ်ဆက်မပြတ်သော ခွန်အားများ ပို့လွှတ်ပေးနေပါသည်။

အဆိုပါ အခြေစိုက်စခန်းတွင် ထောပတ်သီးနှင့် ပတ်သက်သော ဝေါဟာရသစ်အချို့ကို ဒေါက်တာထိုက်လွင်ကို သိရှိနားလည်ခဲ့ရပါသည်။

ဥပမာ- ထောပတ်သီးတွင် ကွပ်ကဲရေးဌာနလည်း ရှိပါသည်။ "မုန့်လျန်ခရိုင် 'တစ်ခရိုင်၊ လုပ်ငန်းတစ်ခု' ထောပတ်သီးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတည်ဆောက်မှု ကွပ်ကဲရေးဌာန"သည် မုန့်လျန်ခရိုင်ဌာနအသီးသီး၏ ခွန်အားများကို စုစည်းပြီး ထောပတ်သီးလုပ်ငန်းအတွက် ဝန်ဆောင်မှုပေးဆောင်ခြင်း ဖြစ်ပါသည်။ လုပ်ငန်းအလေးထားမှုအပိုင်းသည် စိုက်ပျိုးရေးတိုးချဲ့မှုမှသည် အချောကိုင်လုပ်ငန်းစနစ်များအထိအပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း စသည့်လုပ်ငန်းပေါင်းစပ်ဖွံ့ဖြိုးတိုးတက်ရေးအထိ ဖြစ်ပါသည်။

"Freshippo ကျေးရွာ"ကလည်း ရှိပါသေးသည်။ မုန့်လျန်သည် Freshippo ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး မုန့်လျန်ခရိုင် မန်ရှင့်မြို့နယ် မန်ရှင့်ရွာသည် တရုတ်နိုင်ငံ၏ ပထမဆုံးသော ထောပတ်သီး "Freshippo ကျေးရွာ" ဖြစ်ခဲ့ပါသည်။ Freshippoသစ်သီးဝယ်ယူရေးဌာန ဟုန်ယို့မှ မုန့်လျန်ထောပတ်သီးသည် ခူးဆွတ်သည်မှ ပထမတန်းမြို့ကြီးများ၏ ထမင်းစားပွဲပေါ်သို့ရောက်ရှိရန် ၇၂ နာရီသာ လိုအပ်ကြောင်း၊ လက်ရှိတွင် မုန့်လျန်ထောပတ်သီးသည် Freshippo၏ အရောင်းဈေးကွက်တွင် တရုတ်ပြည်တွင်း ၂၈ မြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ တို့စရာအမှုန့်ထုပ်ပါဝင်သည့် အသင့်စား ထောပတ်သီးနှင့် ထောပတ်သီးအရသာ ဒိန်ချဉ်၊ ရေခဲမုန့်၊ Dorayaki စသည့် ထုတ်ကုန်များသည် စားသုံးသူများ၏ ကြိုက်နှစ်သက်မှုများကို ရရှိခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ အနာဂတ်တွင် ၎င်းတို့သည် ကျန်းမာရေးရေနွေးကြမ်း၊ အဖျော်စသည့် ကုန်ပစ္စည်းအမျိုးအစားများကိုလည်း သုတေသနပြုထုတ်လုပ်သွားရန် ရှိနေပါသေးသည်။

"မုန့်လျန်က မိတ်ဆွေတွေက မုန့်လျန်ခရိုင် ထောပတ်သီးစိုက်ပျိုးမြေဧရိယာက တရုတ်ဧက ၁ သိန်းကျော်၊ စိုက်ပျိုးတောင်သူအိမ်ထောင်စု ၇၀၀၀ ကျော်၊ ပါဝင်စိုက်ပျိုးသူ ၂၅၀၀၀ ရှိနေတယ်လို့ ကျွန်တော့်ကို ပြောပြတယ်။ မုန့်လျန်က ပြန်တဲ့အချိန်မှာ ကျွန်တော်နဲ့ မိတ်ဆွေတွေအားလုံးက နောက်တစ်ကြိမ် ထပ်မံတွေ့ဆုံကြဖို့ ချိန်းဆိုခဲ့ကြပါတယ်။ ကျွန်တော့်ရင်ထဲမှာလည်း မျှော်လင့်ခြင်းအသစ်တွေ ရှိနေပါတယ်။ ယူနန်နဲ့ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် မြန်မာနိုင်ငံရဲ့ ထောပတ်သီးတွေကလည်း ပိုမိုကောင်းမွန်တဲ့အရသာတွေဖန်တီးနိုင်ပါစေလို့လည်း မျှော်လင့်နေပါတယ်"ဟု ဒေါက်တာထိုက်လွင်ကိုမှ မျှော်လင့်ချက်ကြီးစွာ ပြောကြားခဲ့ပါသည်။

သတင်းထောက် ။ ။ လျိုဇီယို့၊ ကောယောင်၊ လီဝင်ကျွင်း။